# တနင်္သာရီတိုင်းဒေသကြီး
# ကျေးရွာထင်းစိုက်ခင်းဥပဒေ
## (၂၀၁၅ခုနှစ်၊တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃၀။)
## ၁၃၇၇ခုနှစ်၊တော်သလင်းလပြည့်ကျော် ၁၁ ရက်
## (၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **ဝန်ကြီး** ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောရေးရာနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို တာဝန်ခံရသည့် ဝန်ကြီးကိုဆိုသည်။

(ဂ) **ကြိုးဝိုင်းတော** ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့်နယ်မြေကိုဆိုသည်။

(ဃ) **ကြိုးပြင်ကာကွယ်တော** ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ်သတ်မှတ်ကြေညာထားသည့် နယ်မြေကိုဆိုသည်။

(င) **ကြိုးပြင်အပတော** ဆိုသည်မှာ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် လွတ်ကင်းသည့်ပြင်ပတောနယ်မြေကိုဆိုသည်။

(စ) **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ** ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကိုဆိုသည်။

(ဆ) **ထင်း** ဆိုသည်မှာ လောင်စာအဖြစ်သာအသုံးပြုရန်သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စ ကိုဆိုသည်။

(ဇ) **ထင်းစိုက်ခင်း** ဆိုသည်မှာ ထင်းအဖြစ်အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော သစ်တောစိုက်ခင်းကိုဆိုသည်။

(ဈ) **ကျေးရွာထင်းစိုက်ခင်း** ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက်စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲနိုင်ရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီးထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းကိုဆိုသည်။

(ည) **သစ်တောထွက်ပစ္စည်း** ဆိုသည်မှာ ကျေးရွာထင်းစိုက်ခင်းအပါအဝင် သစ်တောနယ်မြေအတွင်း ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသောသစ်ပင်၊သစ်ရွက်၊ပန်း၊သစ်သီးနှင့်ယင်းတို့မှထွက်ရှိသော ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် တောတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏အစိတ်အပိုင်းများနှင့် ယင်းတို့မှထွက်ရှိသော ပစ္စည်းများလည်းပါဝင်သည်။

(ဋ) **မျှော်စာ** ဆိုသည်မှာ သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် သစ်တောဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ကိုဆိုသည်။

(ဌ) **နယ်နိမိတ်အမှတ်အသား** ဆိုသည်မှာ ကျောက်တိုင်၊ကွန်ကရစ်တိုင်၊သံတိုင်၊ သစ်သားတိုင်၊ ပိုက်လုံး၊ ကျောက်ပုံ၊သစ်ပင်တွင်သတ်မှတ်ထားသောအမှတ် သို့မဟုတ် တစ်နည်းနည်းဖြင့် သတ်မှတ်နယ်နိမိတ်ကို ဖော်ပြထားသောအမှတ်အသားကိုဆိုသည်။

(ဍ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေအရ သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုသည့် အမိန့် သို့မဟုတ် သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့်အမိန့်ကိုဆို သည်။

(ဎ) **သစ်တောအရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တောဦးစီး ဌာန၏အကြီးအကဲကိုဆိုသည်။

(ဏ) **ကျေးရွာကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီ ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများ၊ မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော သစ်တောမြေများတွင် ထင်းစိုက်ခင်းများထူထောင်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဖွံ့ဖြိုး လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်စေရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းကို ကျေးရွာလူထုက စုပေါင်းစိုက်ပျိုးခြင်း၊ ထူထောင်ခြင်း၊ စနစ် တကျထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာတိုးမြှင့် အသုံးပြုနိုင်ရန်နှင့် သဘာဝပတ် ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းမှကာကွယ်ရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ပြည်တွင်းလောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်နှင့် နိုင်ငံပိုင်သဘာဝတောများ လျော့နည်းလာစေခြင်းမှ ကာကွယ်ရန်၊

(ဃ) အစိုးရအဖွဲ့မှ ရသင့်ရထိုက်သည့် အခွန်အခရရှိစေရန်။

## အခန်း (၃)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း၊သတ်မှတ်ကြေညာခြင်းနှင့်ပြန်လည်ရုပ်သိမ်းခြင်း

၄။ အစိုးရအဖွဲ့သည် အောက်ဖော်ပြပါနေရာများတွင် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ရန် သတ်မှတ်နိုင်သည်-

(က) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိသော ကြိုးပြင်အပတော၊ ထင်းစိုက်ခင်းတောနှင့် အစိုးရ အဖွဲ့က စီမံခန့်ခွဲခွင့်ရှိသောမြေများ၊

(ခ) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ခွင့်ပြုချက်ဖြင့် လက်ရှိတည်ထောင် ထားသော ကျေးရွာပိုင်ထင်းစိုက်ခင်းများ၊

(ဂ) ပိုင်ရှင်၏သဘောတူခွင့်ပြုချက်ရရှိသော ပုဂ္ဂလိကပိုင်မြေများနှင့် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပိုင်ဆိုင်သည့်မြေများ။

၅။ အစိုးရအဖွဲ့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ရန်အတွက် အောက်ဖော်ပြပါနေရာဒေသများတွင် ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ရန်ခွင့်ပြုနိုင်သည်-

(က) သဘာဝတောများပျက်စီးပြုန်းတီးပြီး သဘာဝအလျောက်ပြန်လည်ဖြစ်ထွန်းရန်ခက်ခဲသော နေရာဒေသများ၊

(ခ) ဒေသလိုအပ်ချက်အတွက် လုံလောက်သောထင်းများ ထောက်ပံ့နိုင်သောအလားအလာ ရှိသည့် နေရာဒေသများ၊

(ဂ) မြေနှင့်ရေအရင်းအမြစ်များကို ထိန်းသိမ်းရန်လိုအပ်သည့် နေရာဒေသများ၌ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် ထင်းစိုက်ခင်းလုပ်ကိုင်ရန် သင့်လျော်သောနေရာများ၊

(ဃ) ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်သင့်သော သဘာဝတောများ၊

(င) ဒေသခံလူထုကအစဉ်အလာအရစီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သောထင်းစိုက်ခင်းမြေများ။

၆။ တနင်္သာရီတိုင်းဒေသကြီးသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ဖြင့် ကျေးရွာအနီးပတ်ဝန်းကျင်တွင်ရှိသော ကြိုးပြင်အပတောတွင်ဖြစ်စေ၊ အစိုးရအဖွဲ့က စီမံခန့်ခွဲခွင့် ရှိသော မြေတွင်ဖြစ်စေ အောက်ပါကျေးရွာ ထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့်ပြုနိုင်သည်–

(က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင် အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်း၊

(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်း စိုက်ခင်း။

၇။ ကျေးရွာလူထုကစုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာထင်းစိုက်ခင်း များနှင့် စပ်လျဉ်း၍–

(က) သစ်တောဦးစီးဌာနသည် စတင်တည်ထောင်သည့်နှစ်တွင် ဒေသ၏လိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးရမည်။

(ခ) စတင်စိုက်ပျိုးသည့်အချိန်မှ ခုတ်လှဲချိန်အထိ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနက လမ်းညွှန်ပြသသည့်အတိုင်း ကျေးရွာလူထုက လိုက်နာဆောင်ရွက် ရမည်။

(ဂ) သစ်တောဦးစီးဌာနသည် မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်အတွက် သီးနှံသစ်တော ရောနှော စိုက်ပျိုးခြင်း နည်းပညာများကိုလည်း ပြသပေးရမည်။

(ဃ) သစ်တောဦးစီးဌာနက သတ်မှတ်ပေးသော ခုတ်လှဲချိန်တွင် ကျေးရွာလူထုက ထင်းများကို မိမိသုံးအတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

၈။ သစ်တောဦးစီးဌာနက လွှဲပြောင်းပေးသည့် ကျေးရွာထင်းစိုက်ခင်းများကို တည်ထောင်ရာတွင် အောက်ပါအချက်များကို အခြေခံရမည်–

(က) ကျေးရွာပိုင်မြေများ၊ ကြိုးပြင်အပတောများအတွင်း၌ စိုက်ပျိုးခြင်း၊

(ခ) စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့မှ ခွင့်ပြုသည့် သစ်တောဦးစီး ဌာန၏ ရန်ပုံငွေဖြင့်ဆောင်ရွက်ပေးခြင်း၊

(ဂ) မြေအသုံးချမှုတန်ဖိုးပိုမိုရရှိစေရန်သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကိုကျေးရွာလူထုအား ခွင့်ပြုခြင်း၊

(ဃ) ခုတ်လှဲချိန်ရောက်ရှိသောအခါ ကျေးရွာလူထုအား သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ပေးထားသော အခွန်အခပေးဆောင်စေ၍ သုံးစွဲခွင့်ပြုခြင်း။

၉။ သစ်တောဦးစီးဌာနသည် ကျေးရွာထင်းစိုက်ခင်းများထူထောင်ရာတွင် ဒေသခံပြည်သူများအား အောက်ဖော်ပြအပါ အကူအညီများပေးရမည်–

(က) ထင်းစိုက်ခင်းများအတွက် လိုအပ်သော သစ်စေ့နှင့်ပျိုးပင်များ၊

(ခ) ထင်းစိုက်ခင်းတည်ထောင်ခြင်း၊ပြုစုထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်း ဆိုင်ရာကိစ္စအဝဝတွင် ထာဝစဉ်ဖွံ့ဖြိုးမှုရရှိစေရန်အတွက် လိုအပ်သောနည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ၊

(ဂ) တားမြစ်ချက်များနှင့်ပတ်သက်သည့် အသိပညာပေးခြင်းဆိုင်ရာကိစ္စရပ်များ။

၁၀။ အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းများဖွဲ့စည်းရန် တင်ပြလာသော အစီရင်ခံစာအပေါ်စိစစ်သုံးသပ်၍ ကျေးရွာထင်းစိုက်ခင်းသတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

၁၁။ အစိုးရအဖွဲ့သည် ထုတ်ပြန်ထားသော ကျေးရွာထင်းစိုက်ခင်းသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာချက်ကိုပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ရုပ်သိမ်းကြောင်း အများပြည်သူသိစေရန်အတွက် ထုတ်ပြန်ကြေညာရမည်။

၁၂။ အစိုးရအဖွဲ့က ကျေးရွာထင်းစိုက်ခင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင်ထင်းသုံးစွဲသူများသည် သတ်မှတ်ကြေညာစဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ ထင်းထွက်ပစ္စည်း ထုတ်ယူသုံးစွဲခြင်းနှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေးများ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

## အခန်း (၄)

## ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းထုတ်ယူခွင့်

၁၃။ အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကိုသတ်မှတ်နိုင်သည်–

(က) ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းများ၏ အမျိုးအမည်၊

(ခ) အခွန်နှုန်းနှင့်အခြားအခကြေးငွေနှုန်းထားများ၊

(ဂ) ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့်ဒဏ်ကြေး၊

(ဃ) စည်းကမ်းချက်များ။

၁၄။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူများ၏အကျိုးခံစားခွင့်၊ ထုတ်ယူခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာရမည်–

(က) ဒေသခံအသုံးပြုသူများအဖွဲ့သည် မိမိအဖွဲ့အစည်းနှင့် မိမိကျေးရွာက အသုံးပြု၍ပိုလျှံသော ထင်းများ၊ထင်းထွက်ပစ္စည်းများကို ကျေးရွာပြင်ပသို့တင်ပို့ရောင်းချနိုင်သည်။ မြို့နယ်ကျော်တင်ပို့ရောင်းချပါက သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာန၏ မျှောစာဖြင့်ပို့ဆောင်ရမည်။

(ခ) တင်ပို့ရောင်းချသောထင်းများ၊ ထင်းထွက်ပစ္စည်းများနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ထားသော အခွန်အခနှုန်းထားများအတိုင်းပေးဆောင်ရမည်။

(ဂ) အသုံးပြုသူများသည်မိမိတို့၏ ကျေးရွာထင်းစိုက်ခင်းတိုးတက်ရေးအတွက်တာဝန်ယူရမည်။

(ဃ) အသုံးပြုသူများအနေဖြင့် မိမိတို့၏ထင်းစိုက်ခင်းမှ ထွက်ရှိသောပစ္စည်းများ၊ထင်းမှရရှိသော ပစ္စည်းများမှအခြားလောင်စာများ၊ ထင်းလောင်စာနှင့်ပတ်သက်သည့် တန်ဖိုးမြင့်ပစ္စည်းများကိုထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နိုင်သည်။

၁၅။ ပုဒ်မ ၁၄ ပါစနစ်ဖြင့် ခုတ်ယူသုံးစွဲခြင်းကြောင့် စိမ်းလန်းစိုပြေရေးအတွက် ထိခိုက်စေနိုင်လျှင် သစ်ပင်များကိုခုတ်လှဲခြင်းမပြုဘဲ ခေါင်နှိမ်ခြင်း၊ ကိုင်းချိုင်ခြင်းစနစ်များဖြင့် ထုတ်ယူသုံးစွဲရမည်။

## အခန်း (၅)

## ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူများလိုက်နာရမည့် စည်းကမ်းချက်များ

၁၆။ (က) သစ်တောဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က)အရ နှင့် သစ်တောနည်းဥပဒေအပိုဒ် ၄၂ တွင်ပြဋ္ဌာန်းထားချက်အရ သစ်တောဦးစီးဌာနက ကျေးရွာထင်းစိုက်ခင်းအတွက် ပထမနှစ်အတွင်း တာဝန်ယူဆောင်ရွက်ပေးရမည်။ ဒုတိယနှစ်မှစ၍ ခုတ်လှဲချိန်အထိ သက်ဆိုင်ရာကျေးရွာလူထုက တာဝန်ယူဆောင်ရွက်ပေးရပြီးခုတ်လှဲသည့်အချိန်၌ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သစ်တောဦးစီးဌာနက သတ်မှတ်သောအခွန်ကိုပေးဆောင်ရမည်။

(ခ) သစ်တောဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (ခ)အရ နှင့် သစ်တောနည်းဥပဒေအပိုဒ် ၄၃ တွင်ပြဋ္ဌာန်းထားချက်အရ သစ်တောဦးစီးဌာနက ကျေးရွာထင်းစိုက်ခင်းအတွက် ပျိုးပင်များဖြန့်ဝေပေးရမည်။ သစ်တောဦးစီးဌာနက လမ်းညွှန်ပြသသည့်အတိုင်း ကျေးရွာလူထုကလိုက်နာဆောင်ရွက်ရပြီး ခုတ်လှဲချိန်တွင်ထင်းများကို မိမိသုံးအတွက်အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

(ဂ) နိုင်ငံတော်အကျိုးအလို့ငှာ စီမံကိန်းတစ်ခုခုအတွက် ကျေးရွာထင်းစိုက်ခင်းနေရာအား အသုံးပြုရန်လိုအပ်ပါက ၎င်း၏ကာလတန်ဖိုးအတွက် ပေးလျော်၍ သိမ်းယူနိုင်ခြင်းရှိစေရမည်။

(ဃ) ထင်းစိုက်ခင်းကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်းလုပ်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

## အခန်း (၆)

## တားမြစ်ချက်များ

၁၇။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အဦကိုဆောက်လုပ်နေထိုင်ခြင်း၊ လွှဲပြောင်းရောင်းချခြင်း မပြုရ။

၁၈။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်း ခွင့်ပြုချက်မရှိဘဲ မီးရှို့ခြင်း သို့မဟုတ် မီးသယ်ယူခြင်းမပြုရ။

၁၉။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်စိုက်ပျိုးခြင်း၊ ကျူးကျော်နေထိုင်ခြင်း မပြုရ။

၂၀။ မည်သူမျှ ထင်းစိုက်ခင်းနယ်မြေနှင့် ယင်းနယ်မြေအဖြစ်သတ်မှတ်ရန်ကြေညာထားသည့် နယ်နိမိတ်မှ ကိုက် (၂၀၀)အတွင်းခွင့်ပြုချက်မရှိဘဲ လောင်စာပစ္စည်းများကို မီးမရှို့ရ။

၂၁။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းရှိသစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်း၊ စိုက်ခင်းမြေအားတူးဆွခြင်း မပြုရ။

၂၂။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်း ကျွဲ၊နွားများလွှတ်ကျောင်းခြင်း၊ စားကျက်ချခြင်း မပြုရ။

၂၃။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်း မပြုရ။

## အခန်း (၇)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၄။ မည်သူမဆို ပုဒ်မ ၁၇ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၂ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၇၀၀၀၀မှ အများဆုံးကျပ် ၁၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၁၈ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ၁ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃၀၀၀၀မှ အများဆုံးကျပ် ၇၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၁၉ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် (၆)လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၃၀၀၀၀မှ အများဆုံးကျပ် ၇၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂နှင့် ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် (၃)လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၂၀၀၀၀မှ အများဆုံးကျပ် ၆၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၂၈။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းကျူးလွန်သည့်ပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ကျခံစေရမည်။

၂၉။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင်–

(က) ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသည့်ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းသော ပစ္စည်းများကိုကျေးရွာကော်မတီသို့ လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့်အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်အမိန့်ချမှတ်နိုင်သည်။

၃၀။ ကျေးရွာထင်းစိုက်ခင်းနယ်မြေအတွင်း ကျူးကျော်နေထိုင်သူနှင့် အဆောက်အဦကို ဖျက်သိမ်းဖယ်ရှားထွက်ခွာစေရန်အတွက် ကျေးရွာကော်မတီဥက္ကဋ္ဌကဖြစ်စေ၊ နစ်နာသူကဖြစ်စေ တရားစွဲဆိုနိုင်သည်။

၃၁။ ကျေးရွာထင်းစိုက်ခင်းမြေအတွင်း ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအတွက် လျော်ကြေးရရှိစေရန် ကျေးရွာကော်မတီဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းခံရသူကဖြစ်စေ၊ နစ်နာသူကဖြစ်စေ တရားစွဲဆိုနိုင်သည်။

## အခန်း (၈)
## အထွေထွေ

၃၂။ အစိုးရအဖွဲ့သည် ဤဥပဒေအရ ထုတ်ယူခွင့်ပြုသည့် ထင်းထွက်ပစ္စည်းများအတွက် ရရန်ရှိသည့်အခွန်အခကိုလျှော့ပေါ့ပေးခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပေးခြင်း ပြုနိုင်သည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများတင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၄။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကျေးရွာကော်မတီဝင်များ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်၊ ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် ကူညီပေးရမည်။

၃၅။ ဤဥပဒေအရ အရေးယူစွဲဆိုသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၆။ ဤဥပဒေပါပြစ်မှုကို ကျူးလွန်သူအား ဤဥပဒေအရသာလျှင် အရေးယူစွဲဆိုရမည်။

၃၇။ ကျေးရွာထင်းစိုက်ခင်းသတ်မှတ်သည့် အမိန့်ကြော်ငြာစာ ကြေညာသည့်နေ့မှစ၍ ခွင့်ပြုထားသော အခွင့်အရေးများကိုတစ်ဆက်တည်း ၃နှစ် ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါအခွင့်အရေးသည် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်–

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တနင်္သာရီတိုင်းဒေသကြီးသစ်တောဦးစီးဌာနသည်လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့်အမိန့်ကြော်ငြာစာတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)မြတ်ကို
ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့